# တိုဂိုသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်း လေ့လာတင်ပြခြင်း

## နိဒါန်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းများ အရည်အသွေးမြှင့်တင်သည့် အနေဖြင့် ပြုလုပ်လျက်ရှိသော သုတေသနစာတမ်းဖတ်ပွဲတွင် တိုဂိုသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်း လေ့လာတင်ပြခွင့်ရရှိခဲ့သဖြင့်ကျေးဇူးဥပကာရတင်ရှိပါသည်။ ဤနိုင်ငံသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးက ပြုစုထုတ်ဝေသောစာအုပ်များတွင် မပါရှိသေးသောနိုင်ငံဖြစ်ပါသည်။ တိုဂိုသမ္မတနိုင်ငံသည် သေးငယ်သောနိုင်ငံဖြစ်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အပိုဒ်ပေါင်း ၁၅၉ ခု(စာမျက်နှာ ၂၅ မျက်နှာ)ဖြင့်သာ တိုတောင်းစွာ ပြဋ္ဌာန်းထားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့်စပ်လျဉ်း၍လည်း အပိုဒ် ၉၉ မှ အပိုဒ် ၁၀၆ အထိ အပိုဒ်ပေါင်း ၈ ခုဖြင့်သာ အကျဉ်းချုပ် ထည့်သွင်းဖော်ပြထားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေ၊ နည်းဥပဒေများ မရရှိခြင်းတို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်းကို ကျယ်ပြန့် ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိပါ။ သို့ရာတွင် တိုဂိုသမ္မတနိုင်ငံ အကြောင်းနှင့် လက်ရှိအနေအထားတို့ကို ပြည့်စုံစွာ တင်ပြသွားပါမည်။ ထို့ပြင် ၁၉၉၂ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ နောက်ဆုံးပြင်သည့်ဥပဒေကို ၂၀၂၄ ခုနှစ် မေလ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော်လည်း မူရင်းစာကို ရှာဖွေမတွေ့ရှိသေးသဖြင့် ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ တိုဂိုသမ္မတနိုင်ငံ၏ အမျိုးသားလွှတ်တော် ဝက်ဘ်ဆိုက်နှင့် သတင်းဌာနများတွင်ဖော်ပြထားချက်များအပေါ်အခြေပြု၍ ပြုစုထားခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အပြည့်အစုံရရှိသည့်အချိန်တွင်ဖြစ်စေ၊ အခြားပြုပြင်ပြောင်းလဲမှုများရှိလျှင်ဖြစ်စေ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီနေအောင် အချိန်နှင့်တစ်ပြေးညီ ဤစာတမ်းကို ပြင်ဆင် ဖြည့်စွက်ခြင်းများ ဆောင်ရွက်သွားပါမည်။

## တိုဂိုသမ္မတနိုင်ငံအကြောင်းအကျဉ်းချုပ်

၂။ တိုဂိုသမ္မတနိုင်ငံသည် အနောက်အာဖရိကတွင်ရှိပြီး အာဖရိကတွင်အသေးငယ်ဆုံးနိုင်ငံဖြစ်သည်။ အနောက်ဘက်တွင် ဂါနာနိုင်ငံ၊ အရှေ့ဘက်တွင် ဘီနင်းနိုင်ငံ၊ မြောက်ဘက်တွင် ဘာကီနာဖာဆိုနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိကာ ဂီနီပင်လယ်ကွေ့တွင် တည်ရှိသည်။ နိုင်ငံဧရိယာ အကျယ်အဝန်းမှာ ၅၆၀၀၀ စတုရန်းကီလိုမီတာသာ ကျယ်ဝန်းသည်။ နိုင်ငံ့လူဦးရေမှာ ၈ သန်းကျော်ခန့်သာရှိသည်။ မြို့တော်မှာ လိုမဲမြို့ (Lome)ဖြစ်ပြီး နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည်။ တိုဂိုသမ္မတနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၃၀ ကျော်ရှိပြီး ဘာသာစကားပေါင်းမှာလည်း ၃၀ ကျော်ရှိသည်။ ရုံးသုံးဘာသာစကားမှာ ပြင်သစ်ဘာသာစကားဖြစ်သော်လည်း အစိုးရလုပ်ငန်းဆိုင်ရာများနှင့် စီးပွားရေးနယ်ပယ်တို့တွင်သာအသုံးပြုလေ့ရှိသည်။ တိုဂိုသမ္မတနိုင်ငံတွင် ခရစ်ယန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် အာဖဂန်ရိုးရာကိုးကွယ်သည့် ဘာသာဟူ၍ အဓိကဘာသာကြီး ၃ ခုရှိသည်။ နိုင်ငံလူဦးရေ၏ ၄၄ ရာခိုင်နှုန်းခန့်မှာ ခရစ်ယန်ဘာသာ ကိုလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းခန့်မှာ အစ္စလမ်ဘာသာကိုလည်းကောင်း၊ ၃၃ ရာခိုင်နှုန်းခန့်မှာ ဒေသခံအာဖဂန်ရိုးရာ ဘာသာကိုလည်းကောင်း အသီးသီးကိုးကွယ်ကြသည်။



Map of Togo

၃။ တိုဂိုသမ္မတနိုင်ငံသည် အပူပိုင်းဒေသတွင်တည်ရှိသောကြောင့် မိုးရွာသွန်းမှုနည်းပါးကာ အများအားဖြင့် ပူအိုက်သည့်နိုင်ငံဖြစ်သည်။ မြက်ခင်းလွင်ပြင်ကျယ်ကြီးများရှိကာ နိုင်ငံတောင်ပိုင်းတွင် အုန်းပင်ကဲ့သို့ အပင်ကြီးများကိုစိုက်ပျိုးကြသည်။ ကော်ဖီကိုလည်း အချို့ဒေသများတွင် စိုက်ပျိုးကြသည်။ ကော်ဖီ၊ ကိုကိုး၊ မြေပဲ စသည်တို့ကိုစိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး ဝင်ငွေရရှိနေသကဲ့သို့ ဖော့စဖိတ်တူးဖော်ရေး လုပ်ငန်းမှလည်း နိုင်ငံ့ဝင်ငွေ အဓိကရရှိလျက်ရှိသည်။ အာဖဂန်မျိုးနွယ်မဟုတ်သော ပြင်သစ်လူမျိုးများနှင့် နိုင်ငံခြားသားများသည် နိုင်ငံ၏မြို့တော် ဖြစ်သော လိုမဲမြို့နှင့်အခြားမြို့များတွင် နေထိုင်ကြပြီး တိုဂိုနိုင်ငံသားအများစုမှာ ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ အာဖဂန်မျိုးနွယ်များနှင့် ဘရာဇီးလ်မျိုးနွယ်တို့မှာ နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်များတွင် ပို၍ နီးကပ်စွာ ဆက်ဆံမှုရှိကြသည်။ တိုဂိုသမ္မတနိုင်ငံ၏ မြို့ပြလူနေမှုပုံစံမှာ မြင့်မားသည်။ ယူရိုငွေကို သုံးစွဲကြသည်။





## ဖွဲ့စည်းပုံအခြေခံဥပဒေများ


၄။ တိုဂိုသမ္မတနိုင်ငံတွင် ၁၉၆၁ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၆၃ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၁၉၇၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၁၉၉၂ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတို့ ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ၁၉၉၂ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ၂၀၀၂ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။



## ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း




၅။ တိုဂိုနိုင်ငံကို ၁၈၉၄ ခုနှစ်တွင် ဂျာမန်တို့က သိမ်းပိုက်အုပ်ချုပ်ခဲ့ပြီး ၁၉၂၂ ခုနှစ်တွင် ပြင်သစ်တို့က သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ တိုဂိုနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် ပြင်သစ်ထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ သမ္မတရွေးကောက်ပွဲကို ၁၉၆၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ပထမဆုံးအကြိမ်ကျင်းပခဲ့ရာ တိုဂိုစည်းလုံးညီညွတ်ရေးကော်မတီ (the Committee of Togolese Unity (*Comité de l'Unité Togolaise* – CUT))မှ Sylvanus Olympio ကို ၇ နှစ်သက်တမ်း သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ဥပဒေပြုရေး လွှတ်တော်များအတွက် ရွေးကောက်ပွဲကျင်းပခဲ့ရာ တိုဂိုစည်းလုံးညီညွတ်ရေးကော်မတီက အမျိုးသားလွှတ်တော်တွင်ရှိသော ကိုယ်စားလှယ် ၅၂ နေရာလုံးအတွက် အနိုင်ရရှိခဲ့သည်။ သမ္မတရွေးကောက်ပွဲကျင်းပသည့် ၁၉၆၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင်ပင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။




၆။ တိုဂိုအစိုးရသည် ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ဖြစ်ပွားခဲ့သည့် ပြည်တွင်း ပုန်ကန်မှုများကို နှိမ်နင်းခဲ့သည်။ ယင်းပြည်တွင်း ပုန်ကန်မှုကို ဂါနာအစိုးရက အားပေးထောက်ခံသည်ဟု တိုဂိုအစိုးရက စွပ်စွဲပြောဆိုခဲ့သည်။ ပြည်တွင်း ပုန်ကန်မှုများ ပြင်းထန်လာမှုကြောင့် ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် တိုဂိုတပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့သည်။

၇။ ၁၉၆၃ ခုနှစ် မေလ ၅ ရက်နေ့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုခဲ့သည်။ ၁၉၆၃ ခုနှစ် မေလ ၅ ရက်နေ့တွင် Togolese ပြည်သူ့လှုပ်ရှားမှုအဖွဲ့(the Togolese People's Movement )(*Mouvement des Personnes Togolaises* – MPT) မှ Nicholas Grunitsky သည် သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံခဲ့ရသည်။ ၁၉၆၆ ခုနှစ်

နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အစိုးရတပ်များက Lomé မြို့၌ CUT(the Committee of Togolese Unity (*Comité de l'Unité Togolaise* – CUT))၏ ခေါင်းဆောင် Noe Kutuklui ဦးဆောင်သော ပုန်ကန်မှုကို နှိမ်နင်းခဲ့သည်။

၈။ နိုင်ငံတွင်း ဆူပူပုန်ကန်မှုများကြောင့် ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီး Gnassingbé Eyadéma သည် နိုင်ငံကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုင်းငံ့ခဲ့သည်။ ဒုတိယဗိုလ်မှူးကြီး Gnassingbé Eyadéma သည် ၁၉၆၇ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့တွင် မိမိကိုယ်ကိုမိမိ သမ္မတအဖြစ် ကြေညာခဲ့သည်။ သမ္မတ Gnassingbé Eyadéma သည် ၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် တစ်ပါတီနိုင်ငံရေးစနစ်ကို ချမှတ်ခဲ့သည်။ ယင်းအချိန်တွင် နိုင်ငံရေးပါတီမှာ တိုဂိုလူမျိုးစုပါတီ (the Rally of the Togolese People -RPT)ဖြစ်သည်။ ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကျင်း ပပြုလုပ်သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ပြိုင်ဘက် မရှိ အနိုင်ရပြီး ပြန်လည် အရွေးခံခဲ့ရသည်။ ၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် သမ္မတ Gnassingbé Eyadéma သည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ထုတ်ပြန်ခဲ့သည်။ သမ္မတ Gnassingbé Eyadéma သည်လည်း ပြိုင်ဘက်မရှိ နောက်တစ်ကြိမ် ပြန်လည်အရွေးခံခဲ့ရသည်။


Gnassingbé Eyadéma

၉။ ပါလီမန်ရွေးကောက်ပွဲကို ၁၉၇၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ၆၇ နေရာရှိသည့်အနက် RPT(*Rassemblement du Peuple* Togolais – RPT) မှ ၆၇ နေရာ အနိုင်ရရှိခဲ့သည်။ ၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် Togolese Movement for Democracy (Mouvement Togolais pour la Democratie – MTD) ကို Gilchrest Olympio မှ သမ္မတ Eyadema အစိုးရအား ဆန့်ကျင်သည့်အနေဖြင့် ပါရီတွင် တည်ထောင်ခဲ့သည်။ ပါလီမန်ရွေးကောက်ပွဲကို ၁၉၈၅ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်တွင်ရှိသည့် နေရာ ၇၇ နေရာလုံးကို အနိုင်ရရှိခဲ့သည်။

၁၀။ တိုဂိုဒီမိုကရက်တစ်လှုပ်ရှားသူများသည် သမ္မတ Gnassingbé Eyadéma အစိုးရကို စက်တင်ဘာလ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ ပုန်ကန်လှုပ်ရှားမှုပြုလုပ်ခဲ့ကြသည်။ ယင်းပုန်ကန်မှုတွင် ဂါနာအစိုးရနှင့် ဘာကီနာဖာဆိုအစိုးရတို့ ပါဝင်ပတ်သက် အားပေးခဲ့သည်ဟု စွပ်စွဲပြီး

ယင်းပုန်ကန်မှုကိုဖြိုခွင်းရန် ပြင်သစ်စစ်တပ်၏ အကူအညီကို အစိုးရက တောင်းခံခဲ့သည်။ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဇိုင်ယာနိုင်ငံသမ္မတ မိုဘူတူဆီဆီဆီကိုကိုက လက်ရှိ တိုဂို အစိုးရကို ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် တိုဂိုအစိုးရကို ထောက်ခံသည့်အနေဖြင့် ပြင်သစ်အစိုးရက တပ်ဖွဲ့ဝင် ၂၅၀ ဦးနှင့် ဇိုင်ယန် အစိုးရက တပ်ဖွဲ့ဝင် ၃၅၀ ဦးတို့ကို တိုဂိုနိုင်ငံသို့စေလွှတ်ပေးခဲ့သည်။ နိုင်ဂျီးရီးယား၊ အနောက် အာဖရိကနိုင်ငံများစီးပွားရေးအဖွဲ့၊ အမေရိကန် နှင့် တရုတ်တို့က တိုဂိုအစိုးကို ထောက်ခံခဲ့ကြသည်။

၁၁။ ၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ပြင်သစ်နှင့် ဇိုင်ယန်တပ်များသည် တိုဂို နိုင်ငံအတွင်းမှ ပြန်လည်ထွက်ခွာသွားခဲ့သည်။ ၁၉၈၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် သမ္မတ Gnassingbé Eyadéma သည် ယှဉ်ပြိုင်ဘက်မရှိဘဲ ပြန်လည်အရွေးခံခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ်၊ မတ်လ ၄ ရက်နေ့တွင် လွှတ်တော် ရွေးကောက်ပွဲများကို ကျင်းပခဲ့ရာ RPT ပါတီက အမျိုးသား လွှတ်တော်တွင်ရှိသည့် ၇၇ နေရာလုံး အနိုင်ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် တိုဂိုဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (Alliance des Democrats Togolais – ADT) ကို စတင် ဖွဲ့စည်းခဲ့သည်။ ၁၉၉၁ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် အတိုက် အခံနိုင်ငံရေးပါတီများသည် ယိုအဂ်ဘိုရီ ဘော (Yao Agboyi-Bor) ဦးဆောင်သော the Front of Associations for Renewal (Front des Associations pourle Renouveau – FAR) ကို ဖွဲ့စည်း တည်ထောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် သမ္မတ Gnassingbé Eyadéma သည် နိုင်ငံရေးပါတီများ ဖွဲ့စည်းခွင့်ပြုခဲ့သည်။




၁၂။ ၁၉၉၁ ခုနှစ်တွင် အမျိုးသားညီလာခံတစ်ရပ်ကို Lomé မြို့၌ ဇူလိုင်လ ၈ ရက်နေ့မှ ဩဂုတ်လ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သည်။ အမျိုးသားညီလာခံက ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် Joseph Kokou Koffigoh ကို ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ် Joseph Kokou Koffigoh ဦးဆောင်သော အသွင်ကူးပြောင်းရေးအစိုးရသည် RPT ပါတီကို ဖျက်သိမ်းခဲ့သည်။ နိုင်ငံတွင်း မငြိမ်မသက်မှုများကြောင့် ဝန်ကြီးချုပ် Koffigoh သည် ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပြင်သစ်ထံမှ စစ်ရေးအကူအညီ တောင်းခံခဲ့သဖြင့် ပြင်သစ် အစိုးရသည် တပ်ဖွဲ့ဝင်အင်အား ၃၀၀ ဦးကို ပို့ဆောင် ကူညီပေးခဲ့သည်။

၁၃။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဝန်ကြီးချုပ် ကိုဖီဂို သည် သူပုန်တို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် သမ္မတ Gnassingbé Eyadéma သည် ယာယီအစိုးရတစ်ရပ်ဖွဲ့စည်းပြီး Joseph Kokou Koffigoh ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၁၉၉၂ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၂၀၂၄ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပြီး မေလ ၆ ရက်နေ့တွင် သမ္မတက ထုတ်ပြန်ခဲ့သည်။[1] ၂၀၂၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အဓိက ပြင်ဆင်ချက်မှာ သမ္မတစနစ် (presidential system)မှ ပါလီမန်စနစ် (parliamentary system)ကို ပြောင်းလဲခြင်းဖြစ်သည်။

## နိုင်ငံဖွဲ့စည်းတည်ဆောက်မှု

၁၄။ တိုဂိုသမ္မတနိုင်ငံသည် ပါလီမန်စနစ်နှင့် တစ်ပြည်ထောင်နိုင်ငံစနစ်ကို ကျင့်သုံးသည့်နိုင်ငံ ဖြစ်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိသည်။

## ကျင့်သုံးသည့်ဥပဒေစနစ်

၁၅။ တိုဂိုသမ္မတနိုင်ငံသည် ဥရောပဥပဒေစနစ်ကို ကျင့်သုံးပြီး ဥပဒေများသည် ပြင်သစ်ဥပဒေများကို အခြေခံထားသည်။

## ရွေးကောက်ပွဲစနစ်

၁၆။ အချိုးကျကိုယ်စားပြုစနစ် (proportional representation system) ကိုကျင့်သုံးသည်။ လက်ရှိတွင် နိုင်ငံရေးပါတီပေါင်း ၃၅ ပါတီရှိသည်။ ရွေးကောက်ပွဲများကို ကြီးကြပ်ဆောင်ရွက်ရန် ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းထားရှိသည်။








[1] https://perma.cc/TC3W-YXSB

## နိုင်ငံတကာအဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်မှု

၁၇။ တိုဂိုသမ္မတနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အာဖရိကန်ယူနီယံ၊ အစ္စလမ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ တောင်အတ္တလန္တိတ် ငြိမ်းချမ်းရေးနှင့်ပူးပေါင်း ဆောင်ရွက်ရေး အဖွဲ့နှင့် အနောက်အာဖရိကနိုင်ငံများစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ စသည့်နိုင်ငံတကာ အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ တိုဂိုသမ္မတနိုင်ငံသည် မြန်မာနိုင်ငံနှင့်လည်း သံတမန်အဆက်အသွယ် ထူထောင်ထားသောနိုင်ငံဖြစ်သည်။

## အချုပ်အခြာအာဏာခွဲဝေကျင့်သုံးမှု




၁၈။ ဥပဒေပြုရေးအာဏာကို ပါလီမန်က လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အစိုးရအဖွဲ့က လည်းကောင်း၊ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်နှင့် တရားရုံးများကလည်းကောင်း အသီးသီးကျင့်သုံးကြသည်။

## ဥပဒေပြုရေး




၁၉။ တိုဂိုနိုင်ငံ၏ ဥပဒေပြုရေးအာဏာကို အမျိုးသားလွှတ်တော် (the National Assembly) နှင့် အထက်လွှတ်တော် (the Senate) တို့ပါဝင်သည့်ပါလီမန်က ကျင့်သုံးပါသည်။[2]

၂၀။ **အမျိုးသားလွှတ်တော်**။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ၆ နှစ်သက်တမ်းအတွက်တစ်နိုင်ငံလုံးမှ လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးကောက် တင်မြှောက်သည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂ ကြိမ်ပြန်လည်ရွေး ကောက်ခံပိုင်ခွင့်ရှိသည်။[3] လွှတ်တော် ရွေးကောက်ပွဲများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏

[2] Article 51 of the Constitution of the Togo, 1992
[3] Article 52 of the Constitution of the Togo, 1992

ကိုယ်စားလှယ်သက်တမ်း ကုန်ဆုံးပြီး ရက်ပေါင်း ၃၀ အတွင်း ကျင်းပရသည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တာဝန်ထမ်းဆောင်လိုသော လက်နက်ကိုင်တပ်ဖွဲ့ဝင် သို့မဟုတ် ပြည်သူ့လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးဦးသည် လက်နက်ကိုင်တပ်ဖွဲ့ သို့မဟုတ် ပြည်သူ့ လုံခြုံရေးတပ်ဖွဲ့အဖြစ်မှ နုတ်ထွက်ရမည်ဖြစ်သည်။ ယင်းသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ပါဝင်ရွေးကောက်ခံနိုင်ရန် နုတ်ထွက်စာတင်သောသူသည် ၎င်းတို့တပ်ဖွဲ့၏ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ရရှိခံစားခွင့်ရှိသည့် အကျိုးခံစားခွင့်များကို တောင်းဆိုနိုင်သည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အရေအတွက်၊ ၎င်းတို့၏ ခံစားခွင့်များ၊ အရည်အချင်း သတ်မှတ်ချက် စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးသည်။ လွှတ်တော်ရွေးကောက်ပွဲများကို၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့က နောက်ဆုံး ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့သည်။ လက်ရှိ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အရေအတွက်မှာ ၁၁၃ ဦးရှိသည်။

၂၁။ **အထက်လွှတ်တော်**။ အထက်လွှတ်တော်ကို ဒေသဆိုင်ရာအာဏာပိုင်များက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ် သုံးပုံနှစ်ပုံ၊ နိုင်ငံတော်သမ္မတက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ် သုံးပုံ တစ်ပုံတို့ဖြင့် ဖွဲ့စည်းထားသည်။[4] တိုဂိုသမ္မတနိုင်ငံ၏ သမ္မတဟောင်းများသည် အထက်လွှတ်တော်တွင် တစ်သက်တာအဖွဲ့ဝင်များအဖြစ်ပါဝင်သည်။ အထက်လွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်စားလှယ်သက်တမ်းမှာ ၆ နှစ်ဖြစ်ပြီး ၂ ကြိမ် ပြန်လည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ အထက်လွှတ်တော်ကိုယ်စားလှယ်အရေအတွက်၊ ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်များ၊ အရည်အချင်း သတ်မှတ်ချက် စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးသည်။


၂၂။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အထက်လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်ဆိုင်ရာ ကင်းလွတ်ခွင့်များ ခံစားခွင့်ရှိကြသည်။ လွှတ်တော်ကိုယ်စားလှယ်များကို ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ် သက်တမ်းကုန်ဆုံးပြီးသည့်တိုင် လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့စဉ်က လွှတ်တော်လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တရားစွဲဆိုခြင်း၊ စုံစမ်း စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် စီရင်ဆုံးဖြတ်ခြင်းတို့မပြုရပေ။ လွှတ်တော်ကိုယ်စားလှယ်များကို ၎င်းတို့ကျူးလွန်သော ပြစ်မှုများအတွက် ၎င်းတို့၏ လွှတ်တော်ကိုယ်စားလှယ်ဆိုင်ရာ ကင်းလွတ်ခွင့်အား သက်ဆိုင်ရာလွှတ်တော်က ရုပ်သိမ်းပြီးနောက်မှသာ ဖမ်းဆီးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းပြုနိုင်သည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် အထက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို သက်ဆိုင်ရာ လွှတ်တော်၏ ခွင့်ပြုချက်မရှိဘဲ ဖမ်းဆီးခြင်း မပြုနိုင်ကြောင်း တွေ့ရှိရသည်။

[4] Article 52 of the Constitution of the Togo, 1992

၂၃။ အမျိုးသားလွှတ်တော်နှင့် အထက်လွှတ်တော်တို့ကို လွှတ်တော်ဥက္ကဋ္ဌ တစ်ဦးစီက ကြီးမှူးဆောင်ရွက်သည်။ သက်ဆိုင်ရာ လွှတ်တော်အသီးသီး၏ ပထမ အကြိမ်ပုံမှန်အစည်းအဝေး စတင်ချိန်တွင် လွှတ်တော်ဥက္ကဋ္ဌများကို ရွေးချယ်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အထက် လွှတ်တော်ဥက္ကဋ္ဌတို့ ကွယ်လွန်လျှင်ဖြစ်စေ၊ တာဝန်မှအနားယူလျှင်ဖြစ်စေ၊ အခြားကိစ္စရပ် တစ်ခုခုကြောင့်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌ ရာထူးနေရာ လစ်လပ်လျှင် သက်ဆိုင်ရာလွှတ်တော်သည် လစ်လပ်သည့်နေ့ရက်မှစ၍ ၁၅ ရက်အတွင်း လွှတ်တော်ဥက္ကဋ္ဌအသစ်ကို ရွေးချယ်ရသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့၏ လစာ၊ လုံခြုံရေးတို့နှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးသည်။

၂၄။ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် ၂ ကြိမ်ကျင်းပသည်။ ပထမပုံမှန်အစည်းအဝေးကို မတ်လ၏ ပထမအင်္ဂါနေ့တွင် စတင်ကျင်းပပြီး ဒုတိယ ပုံမှန်အစည်းအဝေးကို စက်တင်ဘာလ၏ ပထမအင်္ဂါနေ့တွင် စတင်ကျင်းပသည်။ အထက်လွှတ်တော် ပုံမှန်အစည်းအဝေးကိုလည်း တစ်နှစ်လျှင် ၂ ကြိမ်ကျင်းပပါသည်။ ပထမ ပုံမှန်အစည်းအဝေးကို မတ်လ၏ ပထမကြာသပတေးနေ့တွင် စတင်ကျင်းပပြီး ဒုတိယပုံမှန် အစည်းအဝေးကို စက်တင်ဘာလ၏ ပထမကြာသပတေးနေ့တွင် စတင်ကျင်းပပါသည်။ ပုံမှန်အစည်းအဝး တစ်ခုစီတိုင်းသည် ၄ လကြာမြင့်သည်။ နိုင်ငံတော်သမ္မတကသော်လည်းကောင်း၊ အမျိုးသားလွှတ်တော် သို့မဟုတ် အထက်လွှတ်တော်ကိုယ်စားလှယ်အများစုကသော်လည်းကောင်း လွှတ်တော်အစည်းအဝေးကျင်းပပေးရန် တောင်းဆိုသည့်အခါ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။ အမျိုးသားလွှတ်တော်နှင့် အထက်လွှတ်တော်များ၏ လုပ်ငန်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပါသည်။

## အုပ်ချုပ်ရေး





၂၅။ တိုဂိုနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကို အစိုးရအဖွဲ့က ကျင့်သုံး ဆောင်ရွက်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံ၏ လွတ်လပ်ရေး၊ စည်းလုံး ညီညွတ်ရေး၊ နိုင်ငံပိုင်နယ် နယ်မြေ၏ ဂုဏ်သိက္ခာတို့ကို အာမခံပေးသည်။

နိုင်ငံတော်သမ္မတကို ရာထူးသက်တမ်း ၆ နှစ်အတွက် အမျိုးသားလွှတ်တော်က ရွေးချယ်ခန့်အပ်သည်။[5]

၂၆။ နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်တို့နှင့်ညှိနှိုင်းပြီး အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းနိုင်သည်။[6] နိုင်ငံတော်သမ္မတအသစ်သည် သမ္မတတာဝန် စတင်မထမ်းဆောင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုရသည်။ နိုင်ငံတော်သမ္မတ ကွယ်လွန်ခြင်း သို့မဟုတ် နုတ်ထွက်ခြင်း သို့မဟုတ် အရည်အချင်း မပြည့်မီခြင်းတို့ကြောင့် သမ္မတရာထူးနေရာ လစ်လပ်သွားလျှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သမ္မတတာဝန်ကို ယာယီထမ်းဆောင်ရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်ကို ခန့်အပ်ခြင်းနှင့် တာဝန်မှ ရုပ်စဲခြင်းတို့ ပြုလုပ်နိုင်သည်။ သမ္မတသည် ဝန်ကြီးချုပ်၏ အဆိုပြုချက်အရ အခြားသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများကိုခန့်အပ်ပြီး ၎င်းတို့ကို တာဝန်မှရုပ်စဲခြင်းလည်း ပြုလုပ်နိုင်သည်။

၂၇။ နိုင်ငံတော်သမ္မတသည် ဝန်ကြီးများကောင်စီ၏ အကြံဉာဏ်များရယူပြီးနောက် သံတမန်များ၊ စီရင်စုအုပ်ချုပ်ရေးမှူးများ၊ တပ်မတော် ကြည်း၊ ရေ၊ လေ စစ်ဦးစီးအရာရှိချုပ်များ၊ ဗဟိုအုပ်ချုပ်မှု ဒါရိုက်တာများကို ခန့်အပ်သည်။ အခြားသော ရာထူးနေရာများ ခန့်အပ်နိုင်ခွင့်ကို နိုင်ငံတော်သမ္မတက ဝန်ကြီးချုပ်ထံ လွှဲအပ်ထားသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားသံတမန်များနှင့် အထူးသံတမန်များကို အသိအမှတ်ပြု လက်ခံခြင်းတို့လည်းပြုသည်။ နိုင်ငံတော်သမ္မတသည် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်လည်းဖြစ်ပြီး ကာကွယ်ရေးကောင်စီကို ကြီးမှူးသည်။[7] သမ္မတသည်အမျိုးသား လွှတ်တော်၏ သဘောတူညီချက်ဖြင့် စစ်ကြေညာခြင်းပြုနိုင်သည့်အပြင် ဝန်ကြီးချုပ်နှင့် ညှိနှိုင်းတိုင်ပင်ပြီး စစ်စည်းရုံးခြင်းလည်း ပြုလုပ်နိုင်သည်။ သမ္မတဟောင်းများကို ၎င်းတို့၏ သမ္မတရာထူးတာဝန် ထမ်းဆောင်ခဲ့စဉ်အတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်း၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းတို့ကို မပြုလုပ်နိုင်ပေ။ နိုင်ငံတော်သမ္မတ ဟောင်းများ၏လစာ၊ လုံခြုံရေးအစောင့်အရှောက်ပေးအပ်ရေးတို့နှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်း သတ်မှတ်ပေးသည်။ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသောသမ္မတမှာ Faure Gnassingbé ဖြစ်သည်။ ၎င်းသည် ၂၀၀၅




[5] 1992 Constitution Amendment of May, 2024

[6] Article 68 of the Constitution of the Togo, 1992

[7] Article 72 of the Constitution of the Togo, 1992

ခုနှစ်မှစတင်၍ သမ္မတတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ရာထူးသက်တမ်း ၄ ကြိမ်မြောက် တာဝန်ထမ်းဆောင်လျက်ရှိသူဖြစ်သည်။

၂၈။ **အစိုးရအဖွဲ့ ။** အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အတွင်းဝန်များပါဝင်သည်။[8] အစိုးရအဖွဲ့သည် နိုင်ငံတော်သမ္မတ၏ ကြီးကြပ်မှုဖြင့် နိုင်ငံတော်၏ မူဝါဒရေးရာကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်းနှင့် အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာ စီမံအုပ်ချုပ်ရေးကိစ္စရပ်များကိုလမ်းညွှန်ကြီးကြပ်မှုပြုလုပ်သည်။ အစိုးရအဖွဲ့သည် အမျိုးသားလွှတ်တော်ကို တာဝန်ခံရသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို ညွှန်ကြားမှုပြုသည်။ ဝန်ကြီးချုပ်သည် ကာကွယ်ရေးကော်မတီများကိုလည်း ကြီးမှူးရသည်။ ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတ မကျန်းမမာဖြစ်ခြင်းသို့မဟုတ် နိုင်ငံပြင်ပသို့ခေတ္တရောက်ရှိနေခြင်းတို့ကြောင့် သမ္မတ၏တာဝန်ကိုမထမ်းဆောင်နိုင်သည့်အခါတွင် ယာယီသမ္မတအဖြစ် ဆောင်ရွက်ရသည်။ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့်သူသည် တာဝန်မထမ်းဆောင်မီ အစိုးရအဖွဲ့၏ ဆောင်ရွက်မည့် အစီအစဉ်များကို အမျိုးသားလွှတ်တော်သို့ တင်ပြအစီရင်ခံရသည်။ ၎င်း၏တင်ပြမှုကို အမျိုးသားလွှတ်တော်က ကိုယ်စားလှယ်အများစု၏ ထောက်ခံဆန္ဒမဲဖြင့် ခွင့်ပြုပေးသည်။

## တရားစီရင်ရေး




၂၉။ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးနှင့် စာရင်းစစ်တရားရုံးတို့က ကျင့်သုံးဆောင်ရွက်ကြသည်။ တရားစီရင်ရေးအာဏာသည် ဥပဒေပြုရေးအာဏာ နှင့် အုပ်ချုပ်ရေးအာဏာတို့မှ တစ်သီးတစ်ခြား လွတ်လပ်စွာတည်ရှိသည်။ တရားသူကြီးများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥပဒေက ခွင့်ပြုထား သည့်အတိုင်းသာ ဆောင်ရွက်ကြရသည်။ တရားစီရင်ရေးအဖွဲ့သည် တိုဂိုနိုင်ငံသား တစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်နှင့် အခြေခံအခွင့်အရေးများကို အာမခံပေးသည်။ တရားစီရင်ရေး၏ လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ ကျွမ်းကျင်ပိုင်နိုင်မှု၊

[8] Article 76 of the Constitution of the Togo, 1992

ကိုယ်ကျင့်သိက္ခာရှိမှု၊ သမာဓိရှိမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို နိုင်ငံတော်သမ္မတက အာမခံပေးရမည် ဖြစ်သည်။[9]

၃၀။ တရားသူကြီးများကောင်စီ (The Superior Council of the Magistracy) တစ်ရပ်ကိုလည်း ဖွဲ့စည်းထားရှိသည်။ တရားသူကြီးများကောင်စီသည် တရားသူကြီးများအတွက် စည်းကမ်း ထိန်းသိမ်းရေးကောင်စီအဖြစ်ဆောင်ရွက်သည်။[10] စည်းကမ်းထိန်းသိမ်းရေးကောင်စီ၏ ဆုံးဖြတ်ချက်များသည် ကျိုးကြောင်း ဆီလျော်မှုရှိရမည်ဖြစ်သည့်အပြင် ဆုံးဖြတ်ချက်အပြည့်အစုံကို ထုတ်ပြန်ပေးရမည်ဖြစ်သည်။ တရားသူကြီးများကောင်စီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်အသေးစိတ်ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးသည်။ တရားသူကြီးများကို တရားသူကြီးများကောင်စီ၏ အဆိုပြုချက်ဖြင့် ဝန်ကြီးများကောင်စီက အမိန့်ထုတ်ပြန်၍ ခန့်အပ်သည်။

၃၁။ လက်ရှိတာဝန်ထမ်းဆောင်နေသော တရားသူကြီးများသည် အခြားသော အများပြည်သူဆိုင်ရာရုံးများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အကျိုးအမြတ်ရရှိသော ပုဂ္ဂလိကလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ခွင့်မရှိပေ။ တရားသူကြီးများ၏ လစာငွေနှင့် အကျိုးခံစားခွင့်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးသည်။

၃၂။ **တရားလွှတ်တော်ချုပ်**။ တရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များမှအပ တရားစီရင်ရေးကဏ္ဍတွင် အမြင့်ဆုံး စီရင်ပိုင်ခွင့် အာဏာရှိသည့်တရားရုံးဖြစ်သည်။ တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌ(The President of the Supreme Court)သည် ဥပဒေပညာရပ်တွင် တတ်ကျွမ်းနားလည်သူဖြစ်ရန်လိုအပ်ပြီး ၎င်းကို တရားသူကြီးများကောင်စီ၏ အဆိုပြုချက်အပေါ် ဝန်ကြီးများကောင်စီဥက္ကဋ္ဌက အမိန့်ထုတ်ပြန်၍ ခန့်အပ်သည်။ တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌသည် တာဝန်စတင်မထမ်းဆောင်မီ အမျိုးသားလွှတ်တော်ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုရသည်။

၃၃။ တရားလွှတ်တော်ချုပ်တရားသူကြီးများကို တာဝန်ချိန်ပြင်ပတွင် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက်သာ တရားလွှတ်တော်တွင် တရားစွဲဆိုနိုင်သည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသော ပြစ်မှုများမှတစ်ပါး တရားသူကြီးများကောင်စီ (The Superior Council of the Magistrature) ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ တရားလွှတ်တော်ချုပ်တရားသူကြီးများကို တရားစွဲဆိုခြင်း မပြုလုပ်နိုင်ပေ။ တရားလွှတ်တော်ချုပ်၏ လုပ်ငန်းတာဝန်များနှင့် စည်းမျဉ်းစည်းကမ်းများကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးသည်။ တရားလွှတ်တော်ချုပ်တွင် တရားစီရင်ရေးဆိုင်ရာချိန်ဘာ (judicial chamber) နှင့် အုပ်ချုပ်ရေးဆိုင်ရာချိန်ဘာ(administrative chamber)ဟူ၍ ချိန်ဘာ ၂ ခုရှိသည်။[11] ချိန်ဘာ

[9] Article 115 of the Constitution of the Togo, 1992

[10] Article 116 of the Constitution of the Togo, 1992

[11] Article 123 of the Constitution of the Togo, 1992

တစ်ခုစီတွင် ဥက္ကဋ္ဌတစ်ဦးစီထားရှိ၍ အဖွဲ့ဝင်ဦးရေကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည်။ တရားစီရင်ရေးဆိုင်ရာချိန်ဘာသည် အယူခံတရားရုံး တရားသူကြီးများက တရားမကျင့်ထုံးဥပဒေနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတို့နှင့်အညီ ဆုံးဖြတ်ထားသော စီရင်ဆုံးဖြတ်ချက်များအပေါ် အယူခံ တင်သွင်းလာသောအမှုများ၊ ပြင်ဆင်မှုများနှင့် တရားစီရင်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း စသည်တို့အတွက် စီရင်ပိုင်ခွင့်ရှိသည်။ အုပ်ချုပ်ရေးဆိုင်ရာချိန်ဘာသည် စီမံခန့်ခွဲရေးဆိုင်ရာ အငြင်းပွားမှုများတွင် ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်များအပေါ်တွင် အယူခံဝင်မှုများကို ဆုံးဖြတ်ပေးခြင်း၊ နိုင်ငံတော်အာဏာ၊ အုပ်ချုပ်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ရာတွင် အလွဲသုံးစားပြု ဆောင်ရွက်ခြင်းတို့အပေါ် စစ်ဆေးစီရင်ခြင်း စသည့် စီရင်ပိုင်ခွင့်တို့ရှိသည်။

၃၄။ **တရားလွှတ်တော်**။ တရားလွှတ်တော်ကို တရားလွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော်ချုပ်ရှိ ချိန်ဘာ ၂ ခု၏ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော်က ရွေးချယ်တင်မြှောက်သော တရားသူကြီး ၄ ဦး၊ ပေါင်း ၆ ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားလွှတ်တော်ဥက္ကဋ္ဌကို အမျိုးသားလွှတ်တော်က ရွေးချယ်တင်မြှောက်ထားသော တရားသူကြီးများထဲက ရွေးချယ်သည်။ တရားလွှတ်တော်သည် နိုင်ငံတော်သမ္မတနှင့် သမ္မတဟောင်းများ ကျူးလွန်ခဲ့သည့်ပြစ်မှုများ၊ တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌနှင့် တရားသူကြီးများ၊ အစိုးရအဖွဲ့ဝင်များ ကျူးလွန်သော ပြစ်မှုများနှင့်စပ်လျဉ်း၍ စီရင်ပိုင်ခွင့်ရှိသည်။

၃၅။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး**။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၉၉ မှ ၁၀၆ အထိ ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံ အခြေခံ



The Constitutional Court of Togo

ဥပဒေဆိုင်ရာ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံတော်၏ အမြင့်ဆုံး စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွား ကိစ္စရပ်များကို စီရင်ဆုံးဖြတ်ရသည့်အပြင် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုလည်း အာမခံရ

သော တရားရုံးတစ်ရုံးဖြစ်သည်။ ထို့ပြင် အများပြည်သူဆိုင်ရာ ကိစ္စရပ်များနှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ထိန်းသိမ်း ရန် အခွင့်အာဏာ အပ်နှင်းခြင်းခံထား ရသော တရားရုံးလည်းဖြစ်သည်။[12]

၃၆။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းခြင်း။** ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဥက္ကဋ္ဌအပါအဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းမှာ ၆ နှစ်ဖြစ်ပြီး နောက်ထပ်တစ်ကြိမ် ပြန်လည်တာဝန်ထမ်းဆောင်ခွင့်ရှိပါသည်။ အဖွဲ့ဝင် ၉ ဦးကို ခန့်အပ်ရာတွင် နိုင်ငံတော်သမ္မတက ၂ ဦး၊ အမျိုးသားလွှတ်တော်က ၂ ဦး၊ အထက်လွှတ်တော်က ၂ ဦး၊ တရားသူကြီးများကောင်စီက လုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိသော တရားသူကြီး ၁ ဦး၊ ရှေ့နေများက ၎င်းတို့အနက်မှ ရှေ့နေအဖြစ် လုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိသူ ၁ ဦး၊ တိုင်ဂိုအစိုးရတက္ကသိုလ်များမှ ဥပဒေပါမောက္ခ သုတေသီများက ၎င်းတို့အနက်မှ လုပ်သက်အနည်းဆုံး ၁၅ နှစ်ရှိသူ ၁ ဦး တို့ကို ရွေးချယ်ခန့်အပ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌကို နိုင်ငံတော်သမ္မတက တရားရုံးအဖွဲ့ဝင်များအနက်မှ ၁ ဦးအား ရာထူးသက်တမ်း ၆ နှစ်အတွက် ရွေးချယ်ခန့်အပ်သည်။ [13]



President and Members of Constitutional Court

၃၇။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ စီရင်ပိုင်ခွင့်များ။**[14] ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများတွင် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်မည့် အမိန့်၊ စည်းမျဉ်း စည်းကမ်း၊ ဒီကရီများနှင့်စပ်လျဉ်း၍လည်း ထင်မြင်ယူဆချက်ပေးရသည်။ ဥပဒေများကို မထုတ်ပြန်မီ နိုင်ငံတော်သမ္မတကဖြစ်စေ၊ ဝန်ကြီးချုပ်ကဖြစ်စေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၅ ပုံ ၁ ပုံသော ကိုယ်စားလှယ်တို့က ဖြစ်စေ ထုတ်ပြန်မည့် ဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သဘောထားရယူရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ပေးပို့ရသည်။ ထို့အပြင် အမျိုးသားလွှတ်တော်နှင့် အောက်လွှတ်တော်တို့၏ လွှတ်တော်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို မထုတ်ပြန်မီ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ရသကဲ့သို့ ရုပ်မြင်သံကြားနှင့် ဆက်သွယ်ရေးဆိုင်ရာ အဖွဲ့အစည်း

[12] Article 99 of the Constitution of the Togo, 1992

[13] Article 100 of the Constitution of the Togo, 1992

[14] Article 104 of the Constitution of the Togo, 1992

များ၊ စီးပွားရေးနှင့်လူမှုရေးကောင်စီတို့သည်လည်း ၎င်းတို့၏ကျင့်သုံး ဆောင်ရွက်မည့် အစီအစဥ်တို့ကို အကောင်အထည်ဖော်မဆောင်ရွက်မီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ဦးစွာပေးပို့ရသည်။ မည်သူမဆို ၎င်းအပေါ်တရားစွဲဆိုမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ဟု ယူဆပါက ယင်းကိစ္စအတွက် သက်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးတွင် တိုင်လျှောက်နိုင်သည်။ ယင်းသို့ တိုင်လျှောက်သည့်အခါ သက်ဆိုင်ရာတရားရုံး သို့မဟုတ် ခုံရုံးသည် အမှုစစ်ဆေးစီရင်နေခြင်းကို ရပ်ဆိုင်းထားပြီးအမှုကိစ္စကို ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လွှဲပြောင်းပေးရသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသည် တင်သွင်းလာသောအမှုများကို ၁ လ အတွင်းစီရင်ဆုံးဖြတ်ရပြီး အရေးတကြီး အလျင်အမြန်ဆုံးဖြတ်ပေးရမည့်အမှုကိစ္စများကိုမူ ၈ ရက်အတွင်း စီရင်ဆုံးဖြတ်ပေးရသည်။[15]

၃၈။ ဥပဒေတစ်ရပ် သို့မဟုတ် အမှုကိစ္စတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟု ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခြင်း သို့မဟုတ် ကြေညာခြင်းပြုပါက ယင်းဥပဒေ သို့မဟုတ် အမှုကိစ္စရပ်ကို အတည်ပြုထုတ်ပြန်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုရပေ။ အကယ်၍ လက်ရှိအချိန်တွင် ကျင့်သုံးဆောင်ရွက်နေသောဥပဒေဖြစ်ပါက အမိန့်ထုတ်ပြန်၍ ယင်းဥပဒေကို ရုပ်သိမ်းရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပေဒဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို ထပ်မံ၍အယူခံဝင်ခွင့် မရှိတော့ဘဲ ဆုံးဖြတ်ချက်များသည် ပြည်သူ့အာဏာပိုင်များ၊ အရပ်ဘက်၊ စစ်ဘက်နှင့် တရားစီရင်ရေး ဆိုင်ရာအာဏာပိုင်များအားလုံးသို့ သက်ရောက်မှုရှိသည်။ [16]

၃၉။ **စာရင်းစစ်တရားရုံး**။ စာရင်းစစ်တရားရုံးသည် နိုင်ငံတော်၏ဘဏ္ဍာငွေကြေးဆိုင်ရာဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သောထိန်းကျောင်းမှုများပြုလုပ်နိုင်ရန် ပါလီမန်နှင့်အစိုးရအဖွဲ့ကို အထောက်အကူပြုပေးရသည်။ ပြည်သူ့ဘဏ္ဍာငွေများကို စိစစ်ပေးရန် အစိုးရက ဖြစ်စေ၊ အမျိုးသားလွှတ်တော်ကဖြစ်စေ၊ အထက်လွှတ်တော်ကဖြစ်စေတောင်းဆိုပါက လိုအပ်သလို စိစစ်မှုများဆောင်ရွက်ပေးရသည်။ စာရင်းစစ်တရားရုံးသည် ဘဏ္ဍာငွေစစ်ဆေး ဆောင်ရွက်မှုများနှင့်စပ်လျဥ်း၍ နှစ်စဥ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ အစိုးရနှင့် အမျိုးသားလွှတ်တော်တို့ထံသို့ တင်သွင်းရသည်။ စာရင်းစစ်တရားရုံး တရားသူကြီးအရေအတွက်၊ အဆင့်အတန်းနှင့် လုပ်ငန်းတာဝန်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်သည်။[17]

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

[15] Article 104 of the Constitution of the Togo, 1992

[16] Article 106 of the Constitution of the Togo, 1992

[17] Article 107 of the Constitution of the Togo, 1992

၄၀။ ၁၉၉၂ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၂ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တို့တွင် ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၁၄၄ တွင်ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး အဆိုကို နိုင်ငံတော်သမ္မတကဖြစ်စေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၅ ပုံ ၁ ပုံ ကဖြစ်စေ စတင်၍အဆိုပြုနိုင်ပြီး ယင်းအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံး၏ ၅ ပုံ ၄ ပုံ၏ ထောက်ခံမှုရရှိလျှင် အတည်ပြုနိုင်ပြီး ယင်းကဲ့သို့ ထောက်ခံမှုမရရှိဘဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၃ ပုံ ၂ ပုံထောက်ခံချက်ဖြင့် ပြင်ဆင်ရန်ဥပဒေကြမ်း ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုချက်ရယူရသည်။ ၂၀၂၄ ခုနှစ်၊ မေလတွင် အတည်ပြုခဲ့ သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅ ပုံ ၁ ပုံက စတင်အဆိုပြုခဲ့ခြင်းဖြစ်ကာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၅ ပုံ ၄ ပုံ ကျော် ထောက်ခံမှုဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။

## တွေ့ရှိချက်

၄၁။ တိုဂိုသမ္မတနိုင်ငံနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) တိုဂိုသမ္မတနိုင်ငံသည် ရုံးသုံးဘာသာစကားအဖြစ် မိမိနိုင်ငံ၏ဘာသာစကားကို အသုံး မပြုဘဲ ပြင်သစ်ဘာသာစကားကိုအသုံးပြုခြင်း၊ ယူရိုငွေကြေးကို အသုံးပြုခြင်း၊ မြို့ပြများတွင် အနောက်နိုင်ငံသား အများစုနေထိုင်ကြခြင်း စသည့်အချက်များကြောင့် တိုဂိုသမ္မတနိုင်ငံသည် အနောက်နိုင်ငံများနှင့်ဆက်ဆံရေး ပိုမိုကောင်းမွန် လျက်ရှိ ကြောင်း တွေ့ရှိရသည်။

(ခ) နိုင်ငံတော်အာဏာခွဲဝေကျင့်သုံးမှုအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီး ၃ ရပ်အကြား အပြန်အလှန် စိစစ် ထိန်းကျောင်းမှုစနစ် အား ကောင်းသည်ဟုယူဆနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတော်သမ္မတကို အမျိုးသားလွှတ်တော်က ရွေးချယ်ခန့်အပ်ခြင်း၊ သမ္မတက အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းနိုင်ခြင်း၊ အစိုးရအဖွဲ့သည် အမျိုးသားလွှတ်တော်ကို တာဝန်ခံရခြင်း၊ လွှတ်တော်က ပြဋ္ဌာန်းထုတ်ပြန်မည့် ဥပဒေများ၊ အမိန့်၊ စည်းမျဉ်းစည်းကမ်းများကို မထုတ်ပြန်မီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ ပေးပို့၍ သဘောထား ရယူရ ခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတနှင့် အမျိုးသား လွှတ်တော်တို့က ရွေးချယ်ခန့်အပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌကို နိုင်ငံတော်သမ္မတက ခန့်အပ်ခြင်း၊ တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌကို

ဝန်ကြီးများ ကောင်စီဥက္ကဋ္ဌက အမိန့်ထုတ်ပြန်ခန့်အပ်ခြင်း၊ တရားလွှတ်တော်ချုပ် ဥက္ကဋ္ဌအသစ်သည် တာဝန်မထမ်းဆောင်မီ အမျိုးသားလွှတ်တော်တွင် ကတိသစ္စာ ပြုရခြင်း၊ နိုင်ငံတော်သမ္မတသစ်သည် တာဝန်မထမ်းဆောင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံးတွင် သွားရောက်ကတိသစ္စာပြုရခြင်း စသည့်အချက်တို့ကြောင့်ဖြစ် ပါသည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏အခန်းကဏ္ဍသည် အလွန်ကြီးမားကြောင်း တွေ့ရှိရပါသည်။ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်များကို မထုတ်ပြန် မပြဋ္ဌာန်းမီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ဦးစွာပေးပို့ သဘောထားရယူနေရခြင်းနှင့် စပ်လျဉ်း၍ အတိုက်အခံများက အပြင်းအထန်ဝေဖန်လျက်ရှိနေစေကာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေ ယခုနောက်ဆုံးပြင်ဆင်ချက်တွင်လည်း ယင်းပြဋ္ဌာန်းချက်ကို တစ်စုံ တစ်ရာပြင်ဆင်ထားကြောင်း မတွေ့ရှိရသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏အခန်းကဏ္ဍမှာ ဆက်လက်၍ အရေးပါနေဦးမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းရာတွင် တရားရုံးအဖွဲ့ဝင်များအနက်က တစ်ဦး ကို ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမ္မတက ရာထူးသက်တမ်း ၆ နှစ်အတွက် ရွေးချယ် ခန့်ကြောင်းတွေ့ရှိရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖွဲ့ဝင် ၉ ဦးကို ခန့်အပ်ရာတွင်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍသုံးရပ်လုံး အပြင် ဥပဒေနှင့် ပညာရေးကဏ္ဍတို့မှလည်းပါဝင်ကြောင်း တွေ့ရှိရသည်။ စီရင်ပိုင်ခွင့် အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဒေဆိုင်ရာ အငြင်းပွားကိစ္စရပ်များသာမက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ လွှတ်တော်ရွေးကောက်ပွဲများ၏ အငြင်းပွားကိစ္စရပ်ကို လည်းကောင်း၊ တစ်ဦးချင်း၏ တိုင်လျှောက်မှုများကိုလည်းကောင်း စီရင်ပိုင်ခွင့် ရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အခွင့်အာဏာကို မြင့်မားစွာ ပေးအပ်ထားကြောင်းတွေ့ရှိရပါသည်။

(ဃ) ယခင်က နိုင်ငံတော်သမ္မတကို ရာထူးသက်တမ်း ၅ နှစ်အတွက် တစ်နိုင်ငံလုံးက လျှို့ဝှက်ဆန္ဒမဲဖြင့် လွတ်လပ်စွာ တိုက်ရိုက်ရွေးချယ်တင်မြှောက်သည့်စနစ်ဖြစ်သော် လည်း ယခု ၂၀၂၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ သမ္မတကို ရာထူး သက်တမ်း ၆ နှစ်အတွက် အမျိုးသားလွှတ်တော် ကရွေးချယ်တင်မြှောက်ပေး ရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတ၏အခန်းကဏ္ဍကိုလျှော့ချပြီး ပါလီမန်၏အခန်း ကဏ္ဍကို မြှင့်တင်ခဲ့ခြင်းဖြစ်သည်။

## သုံးသပ်ချက်

၄၂။ တိုဂိုသမ္မတနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၆၀ ပြည့်နှစ်မှစတင်၍ ယခုအချိန်အထိ အုပ်ချုပ်ရေးအဖွဲ့၏အာဏာ တစ်နည်းအားဖြင့် နိုင်ငံတော်သမ္မတ၏အာဏာက ပိုမိုမြင့်မားနေရာမှ ၂၀၂၄ ခုနှစ်မှစတင်ကာ သမ္မတ၏အခွင့်အာဏာကိုလျှော့ချပြီး ပါလီမန်၏အခွင့်အာဏာကို တိုးမြှင့်ခဲ့သည်။ ထူးခြားသော ဤပြောင်းလဲမှုကြောင့် တိုဂိုသမ္မတနိုင်ငံ၏ နိုင်ငံရေးဖြစ်စဥ်မှာလည်း တစ်မျိုးတစ်ဖုံပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ပြင် တိုဂိုသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်နှင့်စပ်လျဥ်း၍ ဖော်ပြထားချက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးအပါအဝင် အခြားသော တရားစီရင်ရေးကဏ္ဍများကိုလည်း လိုအပ်သလို ပြုပြင် ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဟု တွေ့ရှိရသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏အခန်းကဏ္ဍကို တစ်မျိုးတစ်ဖုံ ပြုပြင်ပြောင်းလဲမှု ပြုလုပ်နိုင်သည်ဟု သုံးသပ်ရရှိပါသည်။

## နိဂုံး

၄၃။ တိုဂိုသမ္မတနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၆၁ ခုနှစ်မှစတင်ကာ သမ္မတ ရွေးကောက်ပွဲပြုလုပ်၍ သမ္မတနိုင်ငံစနစ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်မှုပုံစံကို ပုံဖော် ကျင့်သုံးခဲ့သည်။ ယင်းနောက်တွင် ပါလီမန်စနစ်ကိုလည်း ကျင့်သုံးမှုရှိခဲ့သည်။ သမ္မတစနစ်နှင့် ပါလီမန်စနစ်ရောစပ်သည့် နိုင်ငံရေးစနစ်ကိုလည်းကျင့်သုံးခဲ့သည်။ တစ်ပါတီစနစ်၊ ပါတီစုံစနစ်တို့ကိုလည်း ကျင့်သုံးခဲ့သည်။ သို့ရာတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတို့တွင် အဓိကပါဝင်နေရာယူနိုင်သော အင်အားကြီးပါတီမှာ တစ်ခုနှစ်ခုသာရှိသည်။ လွတ်လပ်ရေးရရှိပြီးသည့်နှစ်မှာပင် ပြည်တွင်းဆူပူပုန်ကန်မှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင်လည်း ပြည်တွင်း ပုန်ကန်မှုများ မကြာခဏဖြစ်ပေါ်ခဲ့သဖြင့် အာဏာရအစိုးရအနေဖြင့် ပြည်ပတပ်အကူအညီ တောင်းခံနှိမ်နင်းခဲ့ရသည်။ လက်ရှိကျင့်သုံးလျက်ရှိသော ၁၉၉၂ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားလွှတ်တော်နှင့် အထက်လွှတ်တော်စသည့်လွှတ်တော်နှစ်ရပ်ရှိသည့်ပါလီမန်တစ်ရပ်ရှိသည်။ ပါလီမန်သည် ပြည်သူများကို ကိုယ်စားပြုသော်လည်း ဥပဒေများကိုအတည်ပြု ထုတ်ပြန်ခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ပေးပို့ သဘောထားရယူရသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး၏အခန်းကဏ္ဍကို မြှင့်တင်ထားသကဲ့သို့ အုပ်ချုပ်ရေးကဏ္ဍ၏ အခန်းကဏ္ဍကိုလည်း ယခင်က မြှင့်တင်ထားခဲ့သည်။ မကြာခင်ကပြင်ဆင်ခဲ့သော ၂၀၂၄ ခုနှစ် မေလ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ အုပ်ချုပ်ရေးကဏ္ဍ၏အခန်းကဏ္ဍကို အနည်းငယ်လျှော့ချပြီး ပါလီမန်၏အခန်းကဏ္ဍကို မြှင့်တင်ခဲ့သည်။

၄၄။ ဤနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအကြောင်းနှင့် နိုင်ငံအကြောင်းကို လေ့လာရခြင်းကြောင့် အနောက်အာဖရိကရှိ အသေးငယ်ဆုံးနိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့ကို ပိုမိုသိရှိခဲ့ရပါသည်။ ဤနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ အနေဖြင့် မိမိနိုင်ငံ၏သမိုင်းကြောင်းဖြစ်စဉ်၊ နိုင်ငံ၏ ပထဝီအနေအထား၊ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံ၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ စီးပွားရေး၊ လူမှုရေး၊ ခေတ်ကာလ စသည့် အခြေအနေတို့ အပေါ်မူတည်၍ မိမိနိုင်ငံနှင့် လိုက်လျော ညီထွေဖြစ်မည့် နိုင်ငံရေးမူဝါဒလမ်းစဉ်များချမှတ် ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

................................................

## ကျမ်းကိုးစာရင်း


(၁) Constitution of Togo 1992 with Amendments through 2024.

(၂) Descriptions of the Togo Parliament website.( https://perma.cc/TC3W-YXSB)

(၃) https://en.wikipedia.org/wiki/List_of_political_parties_in_Togo.

(၄) https://www.britannica.com/place/Togo.

(၅) https://www.google.com/search?q=is+member+of+UN+of+Togo&sca_esv=.

(၆) https://www.loc.gov/item/global-legal-monitor/2024-05-16/togo-new-constitution-.

(၇) https://apnews.com/article/togo-constitution-lawmakers-elections-.

(၈) https://english.news.cn/africa/20240507/637f918d1700440bbd1f7620d7972568/c.html.

(၉) https://wademosnetwork.org/2024/04/situational-report-constitutional-reform-by-the-parliament-of-togo-on-march-25/.